# “မီးစက်အရောင်းအဝယ်–နှစ်ဦးသဘောတူကတိစာချုပ်”

## Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (3) Units
## (SO No. TGY-BSO-UNT-2024-11-0001)
## (Sr No. Q9CJ100164 , Q9CJ100167 , Q9CJ100172 )
## Contract No. WL-MS-559/2024

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့တွင် တောင်ကြီးမြို့၌ အောက်အမည်ပါသူတို့က Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (3) Units မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Winning Way Co., Ltd.)
အမှတ်(၈၅)၊ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံးကျေးရွာ၊တောင်ကြီးမြို့။

မီးစက်ဝယ်ယူသူ ။ ။ ဦးဇော်မောင်မောင်ဦး (ဘ) ဦးမောင်မောင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၉/ပကခ(နိုင်)၀၁၂၄၄၆
လိပ်စာ– ၇၈ လမ်း၊ တံခွန်တိုင်ဈေးအနီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း– ၀၉–၉၆၃၀၀၀၅၀၃။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၄င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၄င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** မီးစက် ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (3) Units အတွက် စုစုပေါင်းတန်ဖိုးငွေ USD-10,500/- (USD – Ten Thousand and Five Hundred Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Yangon နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ “မီးစက်” ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

**၃။** မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

<u>ငွေပေးချေခြင်းစနစ်</u>

**၄။** မီးစက်ဝယ်ယူသူသည် Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (3) Units အတွက် စုစုပေါင်းတန်ဖိုးငွေ USD- 10,500/- (USD – Ten Thousand and Five Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၆–၁၁–၂၀၂၄) ရက်နေ့တွင် (RV NO. MDY-RV-2024-11-0031) ဖြင့် ရောင်းချသူ၏ တောင်ကြီးရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

ရောင်းချသူ၏တာဝန်များ

**၅။** မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

**၆။** ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

**၇။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေ များ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Winning Way Co.,Ltd.) | ဦးဇော်မောင်မောင်ဦး (၉/ပကခ(နိုင်)၀၁၂၄၄၆) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – ------------------------ |
| အမည် | – ရဲရင့်အောင် | အမည် | – ------------------------ |
| နငသအမှတ် | – ၅/ရဘန(နိုင်)၂၁၈၇၀၅ | နငသအမှတ် | – ------------------------ |
| နေရပ် | – အမှတ်(၈၅)၊ ပြည်ထောင်စုလမ်းမကြီး၊<br>– တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့။ | နေရပ် | – ------------------------<br>– ------------------------ |

လက်မှတ် –
အမည် – ဒေါ်သက်နွယ်
နငသအမှတ် – ၁၃/တကန(နိုင်)၁၄၃၂၇၈
နေရပ် – အမှတ်(၈၅)၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့။